ဇန္နဝါရီ (၂၂)

## သင်၏အနာဂတ်ကိုသင်သိနိုင်သည်။

ယနေ့များစွာသော သူများနည်းတူ သင်သည်လည်း ချေးငွေးထား ရသောအချိန်နှင့် အသက်ရှင်နေရသလို ခံစားမိပါရဲ့လား? သင်သည် ကမ္ဘာကြီး၏ အနာဂတ်နှင့် မိမိတို့အားလုံးရှေ့တွင် မည်ကဲ့သို့ဖြစ်လာမည်ကို တွေး၍ပူပန်နေပါသလား? ကောင်းပါပြီ ရှေ့တွင် မည်ကဲ့သို့ဖြစ်လာမည်ကို သင်သိနိုင်ပါသည်။

ဤအရာက မည်သို့ဖြစ်နိုင်မည်နည်း? သေခြင်းကို မလွန်ဆန်နိုင်သော လူသားက အချိန်၏ကန့်သတ်ချက်များကို ဖေါက်ထွင်းလျက် မည်သည့်နည်းလမ်းဖြင့် အနာဂတ်ကာလထဲသို့ သေချာစွာကြည့်ရှုနိုင်မည်နည်း? အဖြေက ဘုရားသခင်နှင့် သူ၏ အံ့သြဖွယ်ရာ နှုတ်ကပတ်တော်ထံ အကူအညီရယူခြင်းပင်ဖြစ်သည်။ ဘုရားသခင် ကိန်းဝပ်တော်မူသော ဝိညာဉ်ဌာအတိတ်၊ ပစ္စုန်ပ္ပန်နှင့် အနာဂတ်၏ လျှို့ဝှက်ဆန်းကြယ်မှု များကို ဘုရားရှင်သည် သူ၏ပရောဖက်ကြီးများနှင့် အနာဂတ်ကို ကြိုတင်သိမြင်သူများအား အလွယ်တကူ ဖွင့်ပြနိုင် သည်။

မကြာမီ ဖြစ်လာတော့မည့် များစွာသော အကြောင်းအရာများနှင့် ပတ်သက်၍ ဘုရားရှင်၏ နှုတ်ကပတ်တော်က မည်မျှရှင်းလင်း ပြတ်သားလုကြောင်းမည်မျှ တိကျ ကြောင်း သင်သည် အံ့သြခြင်းအလွန် ဖြစ်ရလိမ့်မည်။ ၎င်းကသင့်အား အသေးစိတ် အကြောင်းအရာတိုင်းကို မပြောပြသော်လည်း ၎င်းအားဖြင့် သင့်အနေနှင့်မည်သို့သော အဓိက အဖြစ်အပျက်ကြီးများကို မျှော်လင့်ထားရမည်ဖြစ်ကြောင်း သင်သိနိုင်ပေသည်။ အချို့သော အခြေအနေများတွင်ဆိုလျှင် သမ္မာကျမ်းစာက ဤအဖြစ်အပျက်များထဲမှ ဇတ်ကောင်များကိုပင် ဖေါ်ပြပြီး ဤအဖြစ်အပျက်များ မည်သည့်အချိန် မည်သည့်နေရာ တွင် ဖြစ်လိမ့်မည်ဆိုသည့် အကြောင်းအရာကို ကျွန်ုပ်တို့အားပြောကြားသည်။

ဘုရားသခင်သည် အဘယ်ကြောင့် ဤအခြင်းအရာများကို မိမိတို့အားကြိုတင် ပြောကြား ထားပါသနည်း? သူသည် ကျွန်ုပ်တို့ အားအနာဂတ်နှင့် ပတ်သက်၍ စိုးရိမ်ပူပန် ခြင်းမရှိစေလို သို့မဟုတ် ကြောက်ရွံ့ခြင်း မရှိစေလိုသောကြောင့်ဖြစ်သည်။ ကြိုတင်သတိပေး ထားခြင်းက ကြိုတင်လက်နက်တပ်ဆင်ခြင်း မဟုတ်ပါလား။ ရှေ့တွင် မည်သည့်အရာများ ဖြစ်ပေါ်လာလိမ့်မည်ကို နားလည်ထားခြင်းက ထိုအခြေအနေကို ရင်ဆိုင်ရန်အသင့်ရှိဘို့ အတွက် ပြင်ဆင်ခြင်းနှင့် ကျရောက်လာသောအချိန်တွင် ဘုရားသခင်နှင့် သူ၏ပျက်ကွက်ခြင်းမရှိသော ချစ်ခြင်းမေတ္တာနှင့် တာဝန်ယူဆောင်ရွက်မှုပေါ် ယုံကြည်ကိုးစားချက် ထိုအခြေအနေကို လက်ခံရယူခြင်းပင်ဖြစ်သည်။